## WCO-UPU Customs-Post Workshop for Asia-Pacific Region ကျင်းပခြင်း



သြစတြေးလျနိုင်ငံ ၊ Sydney မြို့၌ ၁-၅-၂၀၁၇ ရက်နေ့မှ ၅-၅-၂၀၁၇ ရက်နေ့အထိ ကမ္ဘာ့အကောက်ခွန်အဖွဲ့ (WCO) နှင့် ကမ္ဘာ့စာတိုက်သမဂ္ဂ (Universal Postal Union-UPU) တို့ပူးပေါင်း၍ WCO-UPU Customs-Post Workshop for Asia-Pacific Region အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့ပြီး အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်အောင်လွင် တက်ရောက်ခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ အာရှ-ပစိဖိတ်ဒေသရှိနိုင်ငံများ၏ စာတိုက်အကောက်ခွန်ဆိုင်ရာ လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးနှင့် အလေ့အကျင့်ကောင်းများ ခေတ်မီနည်းစနစ်များသိရှိအသုံးချနိုင်စေရန် ရည်ရွယ်၍ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ အာရှ-ပစိဖိတ်ဒေသအတွင်းနိုင်ငံပေါင်း (၃၀) မှ အဖွဲ့ဝင်ကိုယ်စားလှယ် (၁၀၆) ဦးတက်ရောက်ခဲ့ကြပါသည်။